# ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့ (28-6-2008) (၅၇၂၃)


## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများရှိ တောင်သူများအား စိုက်ပျိုးစရိတ် ထုတ်ချေး

ရန်ကုန် ဇွန် ၂၇

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများရှိ စပါးစိုက် လယ်ဧကရှိသူ၊ ယခင်က တစ်ကြိမ်မျှ မချေးဖူးသူများ အပါအဝင် မည်သည့်တောင်သူကိုမဆို တစ်ဧကလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ဇွန် ၂၄ ရက်မှစ၍ ထုတ်ချေးလျက်ရှိရာ ယနေ့အထိ တောင်သူဦးရေ ၆၀၊ လယ်ဧက ၃၃၄၇ ဧကအတွက် စုစုပေါင်း ချေးငွေကျပ် ၂၆၇၇၆၀၀၀ ထုတ်ချေးပြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဇွန် ၂၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အခြေခံပညာ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယလမ်းရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**


စောမုံညင်း၏ **"သမိုင်းတင်ရမည့် မြန်မာအမျိုးသမီးများနေ့"**

(ဆောင်းပါး) စာမျက်နှာ- ၆

**"နောင်တစ်ချိန် သဘာဝဘေး အန္တရာယ် ကြုံတွေ့ခဲ့ပါက လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည့် သာပေါင်း-ကဒုံကနီလမ်းပိုင်း စတင် အကောင်အထည်ဖော်"**

မောင်မောင်ထွေး (သတင်းစဉ်)နှင့် ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)တို့၏

(သတင်းဆောင်းပါး) စာမျက်နှာ-၄

ကြေးမုံ The Mirror
၂၈-၆-၂၀၀၈
(စနေနေ့)

## အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမြှင့်တင် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်

အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မျိုးဆက်သစ် လူငယ်လူရွယ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်။ မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ်လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ပေါ်ပေါက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီးရရှိနေသည့် နိုင်ငံအချို့ကလည်း ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အသုံးပြု၍ ယင်းတို့၏ လူမှုဓလေ့စရိုက်များ သွတ်သွင်းထိုးဖောက်လျက်ရှိသည်။

အထူးသဖြင့် လူငယ်လူရွယ်များအကြား တေးဂီတ၊ အနုပညာ၊ အဆိုအက၊ ဝတ်စားဆင်ယင်မှုများမှသည် အတွေးအခေါ်အယူအဆ၊ အပြောအဆိုနှင့် နေထိုင်မှုဓလေ့စရိုက်များအထိ လွှမ်းမိုးနေသည်ကို တွေ့မြင်ရသည်။

ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကောင်းသောလက္ခဏာရပ်ဖြစ်သည်။ အသိအမြင်၊ ဗဟုသုတ၊ အတွေးအခေါ်များလည်း ပြောင်းလဲသောခေတ်နှင့်အညီ ဆန်းသစ်တီထွင်ကြရန် လိုအပ်မည်ဖြစ်သည်။

သို့သော် ပြည်ပတေးဂီတ သီဆိုတင်ဆက်မှု၊ ဝတ်စားဆင်ယင်မှုများကိုတစ်သဝေမတိမ်း အတုယူကျင့်သုံးခြင်းမျိုး မရှိစေရန်မှု သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုအမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ မြန်မာ့လူမှုဓလေ့စရိုက်နှင့် မကိုက်ညီသည့် ပြုမူပြောဆိုမှု၊ နေထိုင်မှုများ မပြုလုပ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးသည်။ လူငယ်လူရွယ်များ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင် ပြုမူနေထိုင်ကြခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ထာဝစဉ် ထိန်းသိမ်းမြှင့်တင်နိုင်ကြမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မဝံသကျောင်းသစ် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ (တရုတ်တိုင်ပေဆရာတော်စင်းတောက်)က အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ဓမ္မဝံသကျောင်းသစ်ဆရာတော် ဘဒ္ဒန္တကုသလက လှူဒါန်းရခြင်းအကြောင်းကို မိန့်ကြားတော်မူပြီး သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၃၆၆ သိန်းကို ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ဘဒ္ဒန္တကုသလသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည့်ရှုသည်။ (သတင်းစဉ်)

**ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မဝံသကျောင်းသစ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ (တရုတ်တိုင်ပေဆရာတော်စင်းတောက်)က အလှူငွေကျပ် ၃၆၆ သိန်းကို ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## တိပိဋကထေရပါလ ကျောင်းဆောင်အတွက် ငွေလှူ

**ရန်ကုန် ဇွန် ၂၇**

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏တပည့် ၁၁ ပါးမြောက် တိပိဋကဓရဆရာတော်ဘဒ္ဒန္တကုန္ဒပါလ တည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် “တိပိဋကပုလဲရောင်ရှိန်” စာသင်တိုက် တိပိဋကထေရပါလ ကျောင်းဆောင်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို (၁၃၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၄ ရက်) ဇွန် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါ ကျောင်းဆောင်၌ ကျင်းပရာအလှူရှင်များတက်ရောက်ကြည်ညိုကြသည်။ အခမ်းအနားတွင်တိပိဋကဓရဆရာတော်ဘဒ္ဒန္တကုန္ဒပါလက ငါးပါးသီလချီးမြှင့်ပြီး အနုမောဒနာတရားချီးမြှင့်တော်မူသည်။ တိပိဋက ထေရပါလကျောင်းဆောင်အတွက် ဒုတိယအကြိမ် အလှူရှင်များ လှူဒါန်းငွေမှာ ကျပ် ၂၂၁သိန်း ဖြစ်သည်။ (ကြေးမုံ)

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း ယုဇနတာဝါနေ ဦးလှမောင်၊ ဇနီးဒေါ်ယက်သဲဖြူ (အောင်ဇေကမ္ဘာကုမ္ပဏီ) မိသားစုက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် “တိပိဋကပုလဲရောင်ရှိန်” စာသင်တိုက် တိပိဋကထေရပါလ နှစ်ထပ်ကျောင်းဆောင် အတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို တိပိဋကဓရ ဘဒ္ဒန္တကုန္ဒပါလထံမှ ရေစက်ချ အနုမောဒနာပြုပြီး အကျိုးတော်ဆောင် ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲနှင့် ဓမ္မစာပေ ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ၏ ဦးဆောင်မှုအရ (၁၂)ကြိမ်မြောက် ဓမ္မစာပေဖိတ်ခေါ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇူလိုင် ၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် (၄၄)လမ်း(အောက်လမ်း)ရှိဗုဒ္ဓဝိဟာရဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် အပူဇော်ခံပုဂ္ဂိုလ်များမှာ ဓမ္မဘေရီအရှင်ဝိရိ (တောင်စွန်း)၊ အရှင်အာစိဏ္ဏ(အမြိုက်နိဗ္ဗာန်)၊အရှင်ဇောတိကာဘိဝံသ(ချမ်းသာကြီးဆရာတော်)၊ ဆရာကြီးပါရဂူ၊ ဆရာကြီးဦးအောင်သင်း၊ ဆရာကြီးဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်)၊ ဦးသန်းထွန်း (ရွှေဘို)၊ ဆရာကြီးမာမကသုတေသီ တို့ဖြစ်သည်။ ဖိတ်ခေါ်စာမူပြိုင်ပွဲကို “လူငယ်နှင့်ဘာသာတရား” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပညာရှင်အဆင့်တွင် ဆုရသူမရှိဘဲ အလွတ်တန်းအဆင့်တွင် “ကြာညိုမွှန်မွှန်”က ပထမဆုဆွတ်ခူးရရှိကြောင်း သိရသည်။ အသေးစိတ်သိလိုပါက ချစ်ဦးညို (ဥက္ကဋ္ဌ) ဖုန်း-၀၁-၂၉၉၇၇၃၊ ဦးကျော်ခင်မြင့် (ဒုတိယဥက္ကဋ္ဌ၊ မဟာသဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ) ဖုန်း-၀၁-၃၇၂၄၆၇၊ သုရဇော် (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၁-၅၈၀၄၃၈၊ ဦးကြိုင်မြင့် (တွဲဖက်အထွေထွေ အတွင်းရေးမှူး) ဖုန်း-၀၁-၂၉၅၉၈၈ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## နိဗ္ဗာန်ရောက်ကြောင်းတရားပွဲ

**ရန်ကုန် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)ဆရာတော်၏ နိဗ္ဗာန်ရောက်ကြောင်း အထူးတရားပွဲကို ဇွန် ၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့၌ ညစဉ် ၇ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ် ၅ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ငွေကျပ် ၁၀၀ တန်ထီဖွင့်ပွဲ ဇူလိုင် ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

(၂၃၄)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇူလိုင် ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ ဇူလိုင် ၁ ရက် နံနက်၈ နာရီမှ စတင်၍ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၅ ဆု၊ ငွေကျပ် ၁၀ သိန်း ၅၄၄ဆု၊ ငွေကျပ်ငါးသိန်း ၁၉ ဆု၊ ငွေကျပ်လေးသိန်း ၂၃ ဆု၊ ငွေကျပ် နှစ်သိန်း ၁၉၃ဆု၊ ငွေကျပ်တစ်သိန်း ၁၅၃၀ဆု၊ ငွေကျပ်ရှစ်သောင်း ဆု ၆၀၊ ငွေကျပ်လေးသောင်း ၁၀၁ ဆု၊ ငွေကျပ်နှစ်သောင်း ၁၅၈၄၂ ဆု စုစုပေါင်း ၁၈၃၅၄ ဆုဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ အလုံမြို့နယ် ပထမသီရိရိပ်သာနေ ကွယ်လွန်သူဖခင်ကြီး ဒေါက်တာဦးထွန်းရင် မိခင်ဒေါ်အောင်အောင်တို့အား ရည်စူးပြီး မိခင်ကြီး ဒေါ်ကြည်တင် အမှူးထား၍ ကိုလှမိုး-မမိုမိုထွန်း၊ သားမောင်ကောင်းခန့်ထွန်း မိသားစုတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေး အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## The LIVE NEWS ဂျာနယ် အမှတ်(၈၆) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၂၇**

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၈၆)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ကြက်စလုတ်၊ မြင်းမူမောင်နိုင်မိုး၏ လေ့လာဆည်းပူးကြစို့နှင့် နှုတ်မူလက်မှု၊ နီမင်းဆွေ၏ (No Country for Old Men)၊ကမ္ဘာ့မဲ့ဇရာ(၃)၊ ကိုကိုလှိုင်၏ စီအိုင်အေက ပင်တဂွန်ကို နှိပ်စက်ညှဉ်းပန်းနည်းများ သင်ကြားပို့ချပေးခဲ့၊ အာရှမိုး၏ မလေးရှားအစိုးရအဖွဲ့ အပြောင်းအလဲများဖြစ်ပေါ်လာဖွယ်ရာရှိ၊ မောင်မြတ်မွန်(ဆူးလေ)၏ သံတမန်လမ်း အမည်ဆန်းတဲ့ (Tank Road)၊မောင်နေလင်း၏ တက္ကစီမင်းနှင့် ကိန္နရီချောင်းခြား(၂)၊ ဆြာစန်း၏ ဤတစ်ပတ်တွက်တာ သင့်ဘဝကံကြမ္မာ အဖြေရှာ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးမှာ စမ်းချောင်း အထက(၂)ဟုသိရ၊ အချစ်ရေးမှာ ပရိသတ်ထင်နေသလိုမဟုတ်ဘူးဆိုတဲ့ဖိုးချစ်၊ စင်ကာပူဒေါ်လာသန်း ၂၀ အကုန်အကျခံ တည်ဆောက်ထားသော စင်ကာပူမှ ဗုဒ္ဓစင်တာအဆောက်အအုံကြီး၊ ရေနံလောဘဇော၊ ကြေးစားတပ်များ၊ အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့် ဒီမိုကရေစီနိုင်ငံကြီးများ၊ သောင်မတင်ရေမကျဖြစ်နေရတဲ့ ဥရောပသမဂ္ဂဖွဲ့စည်းပုံစည်းမျဉ်းအသစ်၊ ကမ်းလွန်ဓာတ်ငွေ့တူးဖော်ရေး တရုတ်-ဂျပန်သဘောတူညီချက်ရရှိ၊ ပင်လယ်ပျော်မင်းသား အပိုင်း (၇၊၈)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၈၊ ၉)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။ The LIVE NEWS ဂျာနယ်အားအပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ ၃လ ၁၃စောင် ကျပ် ၅၈၅၀၊ ၆လ ၂၆စောင် ကျပ်၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်-၃၁၀၊ အခန်း-၀၀၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Services) အမှတ်-၅၅၊ ပထမထပ်၊ဝါးတန်းလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၂၂၃၉၇၃၊၀၉-၅၀၀၈၀၄၇သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၂၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan၊ ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူး Ms. Noeleen Heyzer၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဧရာဝတီတိုင်း လေဘေးသင့်သည့် ဘိုကလေးမြို့နယ်၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာရန် ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။**

ရှေးဦးစွာ ဘိုကလေးမြို့ လေဘေး ကယ်ဆယ်ရေး ကွပ်ကဲမှုရုံးခန်းမ၌ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားရာ အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surin Pitsuwan နှင့် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် Ms. Noeleen Heyzer တို့က သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ပြင်ပလူနာဌာနနှင့် လူနာဆောင်များ၌ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များအဖွဲ့က လေဘေးသင့် လူနာများအား ဆေးကုသပေးနေမှုကိုကြည့်ရှုလေ့လာကြသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကြကာ ဘိုကလေးမြို့ရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနေရာတွင် ယာယီစာသင်ဆောင်များ ဆောက်လုပ်၍ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှုများနှင့် လေဘေးသင့် မိသားစုများအတွက် နိုင်ငံတော်၏ ဦးဆောင်စီစဉ်မှုဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များက ပံ့ပိုးလှူဒါန်းရန် တည်ဆောက်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး လေဘေးသင့်မိသားစုများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များက ပံ့ပိုးလှူဒါန်းရန် တည်ဆောက်နေသည့် လူနေအိမ်များနှင့် ကျေးရွာအခြေခံပညာမူလတန်းကျောင်း ယာယီစာသင်ဆောင် ဆောက်လုပ်၍ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှုတို့ကို လိုက်လံ ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ကြိမ်ချောင်းကြီးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ လေဘေးသင့်မြို့ရွာများ ပြန်လည်တည်ဆောက်ထားရှိမှုများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှု၊ ရေလုပ်ငန်းလုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan၊ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူး Ms.Noeleen Heyzer နှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ယာယီစာသင်ဆောင်ဆောက်လုပ်၍ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

## သာရဝေါ သီလရှင်စာသင်တိုက်အတွက် အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ဗဟန်း (၁)လမ်း ဗဟန်းမြို့နယ်ရှိ သာရဝေါ သီလရှင်စာသင်တိုက်သည် နှစ် ၁၀၀ နီးပါးရှိပြီးဖြစ်၍ ပြင်ဆင်မွမ်းမံဆောက်လုပ်ရန် လိုအပ်လာရာ ငွေကြေးနှင့်ပစ္စည်းများ လှူဒါန်းကြပါရန် ဖိတ်ခေါ်ထားကြောင်းနှင့် လှူဒါန်းလိုသူများသည် ဒေါ်သိက္ခာစာရီနှင့် ဒေါ်အရိယာနန္ဒီ ဖုန်း-၀၁-၃၇၄၆၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် ဦးဖိုးထွန်းလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူး၍ သား၊ သမီးများဖြစ်ကြသည့် ဦးဆန်းဦး၊ ရဲအုပ်ဆန်းထွန်း(သတင်းတပ်ဖွဲ့)၊ ဗိုလ်ကြီးအောင်စိုးမိုး၊ ဒေါ်သီဂီဆောင်းတို့က အလှူငွေ ကျပ်နှစ်သိန်းကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး အင်းစိန်သို့ လှူဒါန်းရာ ဂေါပကအဖွဲ့ကိုယ်စား နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ)တို့ လက်ခံယူစဉ်။** (၆၁)

## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်များ၌ တပ်ဖွဲ့ဝင်များ၏ လူမှုရေး၊ ကျန်းမာရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေသည် အသင်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၀ ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ သွားရောက်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် လပွတ္တာမြို့ ရတနာဒီပ အားကစားကွင်း၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ရေသန့်စင်စက် လည်ပတ်နေမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး မြို့နယ်ကြက်ခြေနီအသင်းရုံးခန်း၌ ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာလုပ်အားရှင် ၄၂ ဦးတို့အတွက် ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ တီရှပ်အင်္ကျီများ၊ တောစီးဖိနပ်အရှည်များ၊ စင်ကာပူ ကြက်ခြေနီမှ လှူဒါန်းသည့် မိုးကာအင်္ကျီများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့သည့် ကယ်ဆယ်ရေးပစ္စည်းများ အောင်တော်မူ ဘုရားဝင်းအတွင်း၌ ပစ္စည်းများ ဖြန့်ဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကြက်ခြေနီ စေတနာ လုပ်အားရှင်များအား အားပေးစကား ပြောကြားသည်။

ဇွန် ၂၆ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌသည် မြောင်းမြမြို့၌ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ခရိုင်ကျန်းမာရေးဌာနမှူး ဒေါက်တာကျော်စိုး၊ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း တပ်ရင်းမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုနိုင်တို့နှင့် တွေ့ဆုံ၍ မြို့နယ်ကြက်ခြေနီအသင်း ရုံးခန်း၌ ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာလုပ်အားရှင် ၈၂ ဦးတို့အတွက် ထောက်ပံ့ကြေးငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ တီရှပ်အင်္ကျီများ၊ လည်ရှည်ဖိနပ်များ၊ စင်ကာပူ ကြက်ခြေနီမှ လှူဒါန်းသည့် မိုးကာအင်္ကျီများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ လပွတ္တာမြို့နယ်ရှိ ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာလုပ်အားရှင်များအား ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။** (ကြက်ခြေနီ)

# ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုနှင့် အသက်ဘေးမှကာကွယ်မှုပေးနိုင်မည့် သာပေါင်း-ကဒုံကနိလမ်းပိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး-မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)

နောင်တစ်ချိန် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ပါက လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည့် သာပေါင်း-ကဒုံကနိလမ်းပိုင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ စာဖတ်ပရိသတ်များအား တင်ပြချင်ပါသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဘိုကလေးမြို့မှ တစ်ဖက်ကမ်းသို့ကူး၍ သာပေါင်းရွာသို့ရောက်သော် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းစတင်နေမှုကို တွေ့မြင်ရသည်။

အဆိုပါ သာပေါင်း-ကဒုံကနိလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၆) ကတာဝန်ယူပြီး မေ ၁၂ ရက်မှစ၍ လမ်းကို အကြမ်းဖျင်းလေ့လာကာ ဇွန် ၉ ရက်တွင် လမ်းကို မြေသန့်မင်္ဂလာပြုလုပ်ခဲ့ကြသည်။

အဆိုပါလမ်းမှာ လမ်း အရှည် ၃၉မိုင်၊ အကျယ်ပေ ၃၀ နှင့် ပျမ်းမျှအမြင့် ခြောက်ပေခွဲရှိပြီး မူလရှိပြီး တံတားသုံးစင်းအပါအဝင် ပေ ၁၀၀ အောက် တံတား ၁၁စင်းနှင့် ပေ ၁၀၀ အထက် တံတား ၁၄ စင်း စုစုပေါင်း တံတား ၂၈စင်းပါဝင်သည်။

အဆိုပါလမ်းပိုင်းတစ်လျှောက်တွင် သာပေါင်း၊ ညီနောင်ကြီး၊ မရမ်းခွဲ၊ ပေ ချောင်းကြီး၊ ကိုင်းတောဝ၊ မဂူ၊ ကြိမ်ချောင်း၊အရှေ့မဲချောင်း၊ မုန်တိုင်းကြီးနှင့် ကဒုံကနိရွာကြီးများနှင့် ကျေးရွာပေါင်းများစွာ ပါဝင်သည်။

**အဆိုပါလမ်းပိုင်း၏ ထူးခြားချက်ကား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်မှုဖြင့် နောင်သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ပါက ဒေသခံပြည်သူတို့၏ လူ့အသက်ပေါင်း များစွာကို ကယ်တင်နိုင်ရေးအတွက် ကျေးရွာ**

ညီနောင်ကျေးရွာမှ ဦးမောင်ကြီးက သတင်းအဖွဲ့အား ရှင်းလင်းပြောကြားစဉ်။

**နှင့် နီးသော လမ်းပိုင်းတစ်လျှောက်ရှိ နေရာများတွင် သာမန်အမြင့်ပေ ၁၅ ပေမှ ပေ ၃၀ ရှိ တောင်ကုန်းများကို ဖန်တီးတည်ဆောက်သွားမည်ဖြစ်ပြီး သာမန်အချိန်ကာလများတွင်ပြည်သူများ နားနေစခန်းအသွင်တည်ဆောက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။**

ယခုအခါ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများက စက်ယာဉ်ယန္တရား ၁၈စီးဖြင့်အချိန်နှင့် တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့သတင်းအဖွဲ့ဝင်များ ရောက်ရှိချိန် ဇွန်၁၃ရက်အထိ မြေသားလမ်းပေါ်ရှိ အမှိုက်များနှင့် မြက်များရှင်းလင်းခြင်း လုပ်ငန်း၊ မြေသား တာပေါင်ဖို့ခြင်းလုပ်ငန်း၊ မြေသားညှိခြင်းလုပ်ငန်း၊ မိုင်တိုင်စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

**အဆိုပါလမ်းကို လတ်တလော မြေသားလမ်းအဆင့်အဖြစ် ဆောင်ရွက်ပြီး ဆက်လက်၍ကျောက်ချောလမ်း၊ ထိုမှတစ်ဆင့် ကတ္တရာလမ်းအထိ အဆင့်မြှင့်တင်သွားမည်ဖြစ်ကာ ကွင်းဆင်းတိုင်းတာမှုများအရ အပိုင်း(၅)ပိုင်းခွဲ၍ဆောင်ရွက်လျက်ရှိသည်သာပေါင်းရွာမှကိုင်းတောကြီး အပိုင်း (၆) မိုင်၊ ကိုင်းတောကြီးမှ ရေကျော်ဂေါက်အပိုင်း (၈)မိုင်၊ ရေကျော်ဂေါက်မှကြိမ်ချောင်းအပိုင်း (၈)မိုင်၊ ကြိမ်ချောင်းမှ အရှေ့မဲချောင်း (၇) မိုင်နှင့် အရှေ့မဲချောင်းမှ ကဒုံကနိအပိုင်း (၁၀)မိုင် စုစုပေါင်း (၃၉)မိုင်ကိုအပိုင်းလိုက်ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

**စက်ယန္တရားကြီးများ ရောက်ရှိ**

**သာပေါင်း-ကဒုံကနိ လမ်းပိုင်း ဖောက်လုပ်ရေးအတွက် စက်ယန္တရားကြီးများ ရောက်ရှိနေသည်ကိုတွေ့ရစဉ်။**

မိမိတို့ သတင်းအဖွဲ့ဝင်များသည် အဆိုပါလမ်းပိုင်း ဖောက်လုပ်နေမှုနှင့် စပ်လျဉ်း၍အနီးဝန်းကျင်တစ်လျှောက် ကျေးရွာများရှိ ပြည်သူများ၏ ဆန္ဒသဘောထား၊ ရင်တွင်းခံစားချက်များကို လက်လှမ်းမီသမျှ မေးမြန်းကြည့်ရာ ရှေးဦးစွာ သာပေါင်းကျေးရွာနေ ကိုမိုးကျော်က "ကျွန်တော်ဒီရွာမှာ နေထိုင်လာတာ ဆယ်နှစ်ရှိပါပြီ။ ရေဘေးကြုံစဉ်က ပထမ ကျွန်တော်တို့မိသားစုတာဘေးမှာ သွားနေကြပါတယ်၊ နောက်တော့ မိသားစုတွေ ဘုန်းကြီးကျောင်းမှာ သွားပြီးခိုနေကြပါတယ်၊ ကျောင်းက မပြိုလို့ အသက်ရှင်ကျန်ခဲ့ကြတာပါ၊ အခု ဒီလမ်းကြီးကို နောင်ရေဘေးတွေများကြုံတွေ့ခဲ့ရင် ရှောင်ပုန်းနိုင်အောင် လမ်းအမြင့်ကြီး လုပ်မယ်လို့ကြားသိရတော့ ကျွန်တော်အပါအဝင် ရွာသူရွာသားတွေလည်း အရမ်းဝမ်းသာနေကြပါတယ်။ ကျွန်တော်တို့ရဲ့ အသက်အန္တရာယ်တွေကို ကာကွယ်နိုင်မှာဖြစ်သလို၊ ဒီလမ်းတစ်ခုရှိတဲ့အတွက် ဆက်သွယ်သွားလာရေးမှာ အားကိုးရာတစ်ခုလည်း ဖြစ်ပါတယ်။ မဟုတ်ရင်ရေတက်လာရင် ဘယ်သွားနေကြမလဲ။ ဒါကြောင့် အားလုံးက ဝမ်းသာနေကြပါတယ်။ ကျေးဇူးလည်း တင်နေကြပါတယ်" ဟု နှလုံးသားထဲမှ အူလှိုက်သည်းလှိုက်အသံဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ညီနောင်ကျေးရွာမှ အသက်(၅၅)နှစ်အရွယ်ရှိဦးမောင်ကြီးကလည်း "ကျွန်တော် ဒီရွာမှာနေတာ မွေးကတည်းကပါ။ မုန်တိုင်းတိုက်စဉ်က ခါးတစ်ဝက်လောက် ရေမြုပ်လာတာ ကျွန်တော်တို့ မသေရုံတမယ်ပါပဲ။ အလင်းရောင်လေးလာမှပဲခေါင်းထောင်လို့ရတယ်။ အခု ဒီလမ်းကြီးမှာ ရေဘေးခိုလှုံလို့ရတဲ့ လမ်းပိုင်း အမြင့်ကြီးတွေပါတယ်လို့ တစစကြားသိလာရတဲ့အတွက် အကုန်လုံးဝမ်းသာနေကြတယ်။ ကဒုံကနိအထိပါတော့ သွားရေးလာရေးကလည်း ပိုအဆင်ပြေသွားတာပေါ့" ဟု ပြောကြားသည်။

သာပေါင်း ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဦး သတင်းအဖွဲ့သို့ ရှင်းလင်းပြောကြားစဉ်။

ထို့နောက် မိမိတို့သတင်းအဖွဲ့ဝင်များသည် သာပေါင်းကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဦးနှင့် တွေ့ဆုံမေးမြန်းကြည့်ရာ "ပြီးခဲ့တဲ့အတွေ့အကြုံအရ ဒီလမ်းကြီး အခုလို ဖောက်လုပ်နေတာကို ကျေးရွာသူ ကျေးရွာသားတွေ အားလုံးဝမ်းသာနေကြပါတယ်။ လမ်းဖောက်လုပ်ရေးမှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုလုံးဝမရှိပါဘူး၊ အလုပ်သမားတွေနဲ့သာ ဖောက်လုပ်နေကြသလို ထိုက်တန်တဲ့ လုပ်အားခတွေ ပေးပြီးဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်ရပါတယ်" ဟု ရှင်းလင်းပြောကြားသွားသည်။

ဤသည်တို့မှာ နိုင်ငံတော်အကြီးအကဲ၏သားသမီးများအပေါ်ထားရှိသည့် မေတ္တာစေတနာနှင့် အမြော်အမြင် ကြီးမားမှုတို့မှ အကြောင်းခံ၍ ထွက်ပေါ်လာသော ပြည်သူတို့၏ ဆန္ဒမှန် ပွဲတင်သံများသာ ဖြစ်ပါတော့သည်။ ။

**သာပေါင်း - ကဒုံကနိလမ်းပိုင်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်စဉ်။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၆-၂၀၀၈ (စနေနေ့)**

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အသေကိုမမေ့မှ ကုသိုလ်ကိုမမေ့မှာ" တရားတော် (အပိုင်း-၁) (ဆရာတော်အရှင်ပုညာနန္ဒ) |
| ၈း၀၀ - ၂း၀၀ | မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးဆောင်ပြီး ပုဂ္ဂလိကမီဒီယာများ၏လေဘေးသင့်ပြည်သူများအတွက် စုပေါင်းအလှူဒါန |
| ၈း၃၅ - ၂း၃၅ | ကြည်ညိုသဒ္ဓါပွားများစေရာကျိုက်သုတ်စေတီတော်မှာ |
| ၈း၅၀ - ၂း၅၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | ဒေါက်တာချစ်ငယ်(ဒဿန) Ph.D ၏နိဗ္ဗာန်ဆီသို့အထူးတရားပွဲ (၄) (ဟဲယာရွာမ၊ အင်းလေး) |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | Yangon Panorama |
| ၁၀း၀၅ - ၄း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ - ၄း၁၅ | Activities In The City ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန "နှစ်ဆယ်ရာစု စာဆိုစစ်သည်များ" စာအုပ်ထုတ်ဝေနိုင်ခဲ့ခြင်း အထိမ်းအမှတ်ဂုဏ်ပြုညှိ့ခံပွဲ |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ - ၄း၄၀ | ဗုဒ္ဓအလိုတော်ကျရှင်ပြုရဟန်းခံမင်္ဂလာ |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | သူတို့ပြောတဲ့သူတို့အကြောင်း (မောင်မောင်လှမြင့်နှင့် တွေ့ဆုံခြင်း) |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ - ၅း၄၅ | တောင်ပေါ်လက်ဖက်နတ်သစ်ရွက် |
| ၁၁း၅၅ - ၅း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ - ၆း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅ - ၆း၀၅ | ပူဇာစပူဇနေယျာနံ |
| ၁၂း၁၅ - ၆း၁၅ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် |
| ၁၂း၃၅ - ၆း၃၅ | လူအများပြောနေကျအရိုးကျီးပေါင်းတက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

အတည်ပြုချိန် ၃း၂၀

# ဓနုဖြူမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၂၇**

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်)၏ (၁၀) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ ရက် (ဝါဆိုလဆန်း ၁၁ ရက်) နံနက် ၁၀ နာရီတွင် အသင်းရုံးခန်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များသည် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယဥက္ကဋ္ဌ ဦးလှမြင့် (ရွှေဟသ်ာ) အမှတ် (၁၂၁) ကုန်စျေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း - ၂၅၂၇၉၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ကျားထီး ရွှေရိုးနှင့် ကျားမ ပင်ကီတို့မှ ပေါက်ဖွားသော ကျားငယ် လေးကောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၂၇**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ တိရစ္ဆာန်ခြံဝင်း၊ လှောင်အိမ်များနှင့် အဆောက်အအုံအချို့ ပျက်စီးသွားသဖြင့် ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ပျက်စီးမှုများအားလုံး ပြန်လည်ပြင်ဆင်ပြီးဖြစ်သည့်အတွက် ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကွယ်လွန်သူ ဒေါ်သက်သက်ရှိန် (၆)လပြည့် အားရည်စူး၍ ပုဇွန်တောင်မြို့နယ် မောင်းတန်းလမ်းနေ မိခင်ဒေါ်တင်တင်၊ ဦးလှတင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဇွန် ၂၄ ရက်တွင် ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။** (က-ပ)

# သွေးဆေးကန် မွန်ပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် မွန်ပါဠိတက္ကသိုလ် သွေးဆေးကန် မွန်ကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရအား အမှူးထား၍ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်ပြီး စေတနာရှင် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမအပေါင်းတို့က မြတ်နိဗ္ဗာန်ကိုရည်မှန်းလျက် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော (၂၂) ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကို ၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့် (ကြာသပတေးနေ့) ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းနှင့် ဆွမ်း၊ ကွမ်း ဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဝါရ ဖုန်း- ၅၅၂၇၂၄ နှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း- ၅၄၄၁၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**အမက(၇)တာမွေမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လေဘေးသင့် ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးနှင့် ဝါးတောကျေးရွာများသို့ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို ဇွန် ၈ ရက်က သွားရောက်လှူဒါန်းစဉ်။** (က-ပ)

# (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇွန် ၂၇**

ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့(အင်းစိန်)က ကြီးမှူး၍ အဖွဲ့သြဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသအမှူးပြုသည့် အဖွဲ့သြဝါဒါစရိယ ဆရာတော်ကြီးခုနစ်ပါးတို့အား (၁၄)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၃ရက်(တနင်္ဂနွေနေ့)တွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ ညောင်ပင်သာကျောင်းတိုက်၌ ဆက်ကပ်မည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၂၅၀၀ဖြင့် ဗုဒ္ဓပူဇနိယ ဆီမီး (၉၉၀၀) အဖွဲ့(အင်းစိန်) စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း (၆၄၂၈၅၈၊ ၆၄၀၄၈၇)၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူ(စိုင်းဘုန်းထူး ခတ်ပုံ-ဗီဒီယို) (၄၆)လမ်း (အလယ်) တိုက်နီကြီး ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၉၂၆၄၄၊ ၂၉၂၉၅၃၊ ဦးသန်းထိုက်စိုး (ဒုတိယဈေးတာဝန်ခံ လှိုင်မြစ်လမ်း အင်းစိန်ဈေးကြီး) ဖုန်း-၆၄၄၃၇၇၊ လိုင်းခွဲ-၄၀၀ နှင့် ဗုဒ္ဓပူဇနိယဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်) အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်၂၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃) တွင် ဖော်ပြပါရှိသော မြန်မာနိုင်ငံပြန်တမ်း အပိုဒ်(၂) စာကြောင်းရေ (၄)တွင် **"ပြောင်းရွှေ့ခန့်ထားလိုက်သည်"** အစား **"အစမ်းခန့်ထားလိုက်သည်"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (ကြေးမုံ)

# မုတ်သုံလေ အားကောင်းမည်

**ရန်ကုန် ဇွန် ၂၇**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင်နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၈ လက်မ၊ မော်လိုက်မြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ဇန်းမော်မြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ရမည်းသင်းမြို့တွင် ၀ ဒသမ ၇၅ လက်မနှင့် နေပြည်တော်ပျဉ်းမနားတွင် ၀ ဒသမ ၄၇ လက်မ တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**ဇွန် ၂၈ ရက် ညနေထိ ခန့်မှန်းချက်**

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်(၃၅)မိုင်မှ မိုင်(၄၀)ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ ။ မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်း တွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

| | | | |
|---|---|---|---|
| အမြင့်ဆုံးအပူချိန် | ၃၁ ဒသမ ၉ ဒီဂရီစင်တီဂရိတ် | (၈၉ ဒီဂရီဖာရင်ဟိုက်) | ၂၆-၆-၂၀၀၈ |
| အနိမ့်ဆုံးအပူချိန် | ၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် | (၆၉ ဒီဂရီဖာရင်ဟိုက်) | ၂၇-၆-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ | | ၈၄ ရာခိုင်နှုန်း | ၂၇-၆-၂၀၀၈ |
| နေပူသည့်နာရီပေါင်း | | မရှိပါ | ၂၆-၆-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၇-၆-၂၀၀၈ | ၈ မမ(၀ ဒသမ ၃၁ လက်မ) | ၁၇ မမ(၀ ဒသမ ၆၇ လက်မ) | ၁၈ မမ(၀ ဒသမ ၇၁ လက်မ) |
| ၁-၁-၂၀၀၈ မှ ယနေ့အထိ | ၉၉၆ မမ(၃၉ ဒသမ ၂၁ လက်မ) | ၁၂၃၇ မမ(၄၈ ဒသမ ၇၀ လက်မ) | ၁၅၃၆ မမ(၆၀ ဒသမ ၄၇ လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၆-၆-၂၀၀၈ နေ့ ၁၄း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၄)မိုင်နှုန်း တိုက်ခတ်သည်။

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၆ -၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍ (ဒွေး၊ နေအောင်၊ နန္ဒာလှိုင်)
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာ့သံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ပျော်ရွှင်ပါစေ အပိုင်း(၃၈)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း(၃)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

# ကံ့ကော်မြိုင် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၂၇**

သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက်ရှိ ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်များနှင့် ပဌ်သံဃာတော် အရှင်သူမြတ်များအား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ ဓမ္မမိတ်ဆွေများကိုယ်တိုင် ဆက်ကပ်ပြီး ရေစက်ချ အနုမောဒနာ တရားတော်နာယူနိုင်ရန် ကြွရောက်ကြပါရန် ပစ္စည်းလေးပါးထောက်ပံ့ရေး ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

# သမိုင်းတင်ရမည့် မြန်မာအမျိုးသမီးများနေ့

**စောမုံညင်း**

ဇူလိုင်လ ၃ ရက်နေ့သည် မြန်မာအမျိုးသမီးထု တစ်ရပ်လုံး ဂုဏ်ယူမဆုံးနိုင်သော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။ ကမ္ဘာပေါ်မှာ အခွင့်အရေးအရဆုံး၊ အလွတ်လပ်ဆုံး၊ ဦးစီးဦးဆောင်ပြုကာ မိသားစု အိမ်ထောင်ကို စနစ်တကျ ထိန်းသိမ်းနိုင်သူ၊ ငြိမ်းချမ်းရေးပေးနိုင်သူများဟု ကမ္ဘာက ချီးကျူးခံရသူများ ဖြစ်ပါသည်။ ဘာသာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးတို့၌ အထက်တန်းကျကျ ကွပ်ကဲနိုင်သူများဟု နိုင်ငံခြားသားများက ဖော်ထုတ်ရေးသားခြင်း ခံရသူများဖြစ်ပါသည်။

ဝံသာနု မျိုးချစ်နိုင်ငံရေး ခေါင်းဆောင်များ၊ စာပေကျမ်းဂန် တတ်ကျွမ်းသော စာပေပညာရှင် သီလရှင်ကြီးများ၊ နန်းတွင်းသူများလည်း ခေတ်အဆက်ဆက် ထွန်းပေါ်လာခဲ့သည်။ ကျွန်ပြုခံရသောဘဝတွင်လည်း သတ္တိကိုအခြေခံကာ စွန့်စား၍ လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် စွမ်းရည်ပြခဲ့သူများ ဖြစ်ပါသည်။ ကမ္ဘာ့မိသားစုအိမ်ထောင်ကြီး ပိုမိုကျယ်ပြန့်လာသော မျက်မှောက်ခေတ်၌မူ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်အတွက် အားထားရမည့် စွမ်းအားရှင်များအဖြစ် လှုပ်ရှားလျက်ရှိနေကြသည်။ စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံမှ ချမှတ်သောမူများနှင့်အညီ ပူးပေါင်း၍ သင့်မြတ်စွာ ဆက်ဆံလျက်ရှိနေကြပါသည်။

နိုင်ငံတော်၏ အမျိုးသားအင်အားစုတစ်ရပ်ဖြစ်သည့် အမျိုးသမီးရေးရာကော်မတီကို ပထမ (၁၉၉၆)ခုနှစ်၌ ဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကိုက်ညီစေရန် တိုးချဲ့၍ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို (၂၀၀၃)ခုနှစ်၌ ဖွဲ့စည်းခဲ့ပါသည်။ ဇူလိုင်လ ၃ရက်နေ့ကိုလည်း မြန်မာအမျိုးသမီးများနေ့ဟုသတ်မှတ်ကာ နှစ်စဉ် ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များ ပါဝင်ညှိနှိုင်းတင်ပြသော ညီလာခံများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပါသည်။

မဲခေါင်ဒေသနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသောနိုင်ငံများနှင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက် အောင်မြင်မှုရရှိနေသည်ကို အများအသိပင်ဖြစ်ပါသည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ၌လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ရဲတပ်ဖွဲ့များ၏ အကူအညီယူကာ ပညာပေးဆွေးနွေး တားဆီးနိုင်ခဲ့ကြပါသည်။ အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန် မြင့်မားလာစေရန်ကိစ္စမှာ နိုင်ငံတော် အေးချမ်းသာယာမှုအပေါ်တွင် တည်မှီနေသဖြင့် နိုင်ငံတော်အတွက် အစွမ်းကုန် ပံ့ပိုးပေးလျက်ရှိကြပါသည်။ သူတစ်ပါးနိုင်ငံမှာမျက်နှာငယ်ခံပြီး အလုပ်သွားလုပ်ဖို့ လုံးဝမလိုပါ၊ အမျိုးသမီးများနေ့များတွင် ရုပ်မြင်သံကြားမှဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ ဂုဏ်ပြုကြိုဆိုသော တေးသီချင်းများ၊ ဝတ်စားဆင်ယင်မှုပြကွက်များ တင်ဆက်ပြသကာ ထူးချွန်ဆုများလည်း နှစ်စဉ် ချီးမြှင့်လျက်ရှိပါသည်။

စာပေထူးချွန်ဆု၊ ကြက်ခြေနီ၊ အားကစား၊ မသန်စွမ်းသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သွေးလှူရှင်များ၊ ခတ်ပုံပြိုင်ပွဲ၊ ဆောင်းပါး၊ ဝတ္ထုပြိုင်ပွဲ၌ ထူးချွန်သူများကို ဂုဏ်ပြုလျက်အားပေးချီးမြှင့်ခဲ့ပါသည်။

သမိုင်းစဉ်တစ်လျှောက် ထွန်းကားခဲ့သော အမျိုးသားရေးမျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုများ၊ အမျိုးသားရေးလက္ခဏာများ တိမ်ကောပပျောက်မသွားစေရန် အမျိုးသမီးထုကြီးအား ထိန်းသိမ်းစောင့်ရှောက် ညွှန်ပြပေးဖို့ တာဝန်ယူနေကြသူများလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ ဗုဒ္ဓဘာသာ အခြေခံသင်တန်း၊ လက်မှုပညာသင်တန်း၊ လက်နှိပ်စက်သင်တန်း၊ အချုပ်အလုပ်သင်တန်း၊ မူကြိုသင်တန်းများ၊ ကျန်းမာရေးအတွက် မိခင်နှင့်ကလေးကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရောဂါအန္တရာယ် ကင်းဝေးရေးအတွက် ဦးဆောင်သူများ ကိုယ်တိုင်ကွင်းဆင်းကြပ်မတ် ပါဝင်လှုပ်ရှားနေကြပါသည်။

ယနေ့ အားကစားလောက၌မူ ပိုမိုအင်အားတောင့်တင်းလာသည်ဟု ဆိုရပါမည်။ ပျော့ညံ့အားငယ်သူများဟု ဘယ်မှာပြောရပါမည်နည်း။ ဘောလုံး၊ ဘော်လီဘော၊ ကျွမ်းဘား၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ ဂျူဒို၊ ရေကူး၊ ဝူရှူး၊ အလေးမ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲများတွင် နိုင်ငံတကာနှင့် အိုလံပစ်ပွဲများအထိ ရွှေတံဆိပ်များဆွတ်ခူးကာ စွမ်းရည်ပြခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သော အမျိုးသမီးအင်ဂျင်နီယာများလည်း ပေါ်ထွန်းခဲ့ပေပြီ။ ရဲရွာစီမံကိန်းမှ ခေါင်းဆောင် အင်ဂျင်နီယာ ဒေါ်စီသန်းတို့အဖွဲ့ကား ပထမဆုံးဟု မှတ်မိနေသည်။ **"အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့"** ခေါင်းစဉ်နှင့် ဆောင်းပါးပြိုင်ပွဲသည် အထူးအောင်မြင်ခဲ့ပါသည်။ နိုင်ငံတော်က အားပေးမြှင့်တင်ပေးမှုကြောင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ပိုမိုထိန်းသိမ်းတတ်လာကြသည်။ မိမိတို့၌ တာဝန်အသီးသီးရှိသည်ကို နိုးကြားလာခဲ့ကြပါသည်။ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံမှ ပါဝင်လှုပ်ရှားလျက်ရှိနေကြသည်ကို အားရဖွယ် မြင်တွေ့ကြားသိနေရပါပြီ။

သို့ရာတွင် အရေးကြီးသော အချက်တစ်ခု ကျန်သေးသည်။ မြန်မာအမျိုးသမီးတို့၏ ကြင်နာတတ်သော သဘာဝ၊ ဟီရိဩတ္တပ္ပ အရှက်အကြောက် တရားနှင့် ကြီးပြင်းလာရသောဘဝ၊ အထက်တန်းစား စာရိတ္တမြင့်မားသူများအဖြစ် ထာဝစဉ် တည်ရှိရမည်ဖြစ်ပါသည်။ ဖန်သားပေါ်မှ မြင်တွေ့ရသော အနောက်တိုင်းယဉ်ကျေးမှုများကို အထင်ကြီးကာ မိမိတို့ရိုးရာယဉ်ကျေးမှုကို စွန့်ပစ်ချင်သော ညဉ်ဆိုးလေးတွေ ရှိနေသေးသည်။ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်ထိုးဖောက်လာသော တိုင်းတစ်ပါးယဉ်ကျေးမှုများ၏ ဝါးမျိုဖုံးလွှမ်းမှုမှ ကာကွယ်နိုင်ရန် ကိုယ်ခံစွမ်းအား ခိုင်ခံ့ဖို့တော့လိုသည်။ တိုင်းတစ်ပါးဘောင်းဘီ၊ စကတ်တိုများကို အထင်ကြီး၊ တန်ဖိုးထားကာ မိမိတို့ ရိုးရာထဘီ၊ အင်္ကျီကို ယနေ့ချွတ်ခွာကုန်ကြလေပြီ။ ဂါဝန်နှင့် လမ်းထွက်ဝံ့ကြပြီ၊ ခြေသလုံးပေါ်သော စကတ်များ ဝတ်မှ ဂုဏ်ရှိသည်ဟု ထင်နေကြသည်။ "ယခုကာလ၊ မြန်မာမတို့၊ တုပခေတ်ဆန်၊ အနောက်ဟန်နှင့်၊ ကေဆံဖားလျား၊ ဘောင်းဘီများဖြင့်၊ ဟ,ထားရင်အုံ၊ မလုံမလဲ၊ စကတ်ကွဲကို၊ ထပ်ခွဲပြန်သော်၊ သလုံးပေါ်အောင်၊ မြင်မြော်လွဲမှား၊ ဘုရားတက်ဖူး၊ စိတ်ရှုးဖောက်ပြန်၊ ညော့ခံပျော်ပါး၊ ကလပ်များ၌၊ ဗိုက်သားမြင်ရ၊ ချက်ဖော်ပြ၍၊ လှုပရိုက်ထား၊ ဓာတ်ပုံများဖြင့်၊ လှည့်ဖြားဖိတ်ခေါ်၊ ကြော်ငြာလည်းရ၊ ဝယ်ချင်ကြအောင်၊ နှိုးဆွထည့်သွင်း၊ စာနယ်ဇင်းတို့၊ ရိုင်းပင်းပံ့ပိုး၊ သာ၍ဆိုး၏၊ ဘယ်ဥပဒေ၊ နည်းထွေထွေဖြင့်၊ ရှာဖွေဆုံးမ၊ သတိရအောင်၊ လမ်းပြမှာကြား၊ ဘယ်စကားနှင့်၊ ဟန့်တားသော်မှ၊ သူငယ်မတို့၊ နောင်တကိုယ်စီ၊ ရမည်မသိ၊ စိတ်မောဘိ၏"ဟု တစ်ခါက ထိုးနှက်သော ကဗျာရေးခဲ့ဖူးသည်၊ မကြာခဏ ရွတ်ပြခဲ့ဖူးသည်။

သို့သော် မြန်မာအမျိုးသမီးလေးများ ယခုကောပြုပြင်လာကြပြီလော။ လေဘာတီမင်းသမီး မမြရင်က,သည့်အခါ ခြေစွပ်ချွတ်ဖို့ တောင်းဆိုသူရှိခဲ့သည်။ ရွှေဒင်္ဂါးတစ်ပြား ထပ်မံဆုချဦးမည်ဟု ဆွဲဆောင်သော်လည်း မမြရင်က ခြေသလုံးအပေါ်မခံလိုပါ။ ယနေ့ ခြေသလုံးများကိုမူ ဘာမှပေးစရာမလို၊ ဖောဖောသီသီကြီး မြင်နေကြရသည်။ ခြေသလုံးနှင့် ယဉ်ကျေးမှုသည် တကယ်တော့ သိပ်မဆိုင်ပါ။ သို့သော် မြန်မာ့ရိုးရာ အဖိုးတန်ဝတ်စားဆင်ယင်မှုမဟုတ်၍ ပြုပြင်သင့်ပါသည်။

ယခုနှစ် ဇူလိုင်လ ၃ ရက်နေ့ မြန်မာအမျိုးသမီးများနေ့မှစတင်၍ ဟုတ်ကဲ့သမီးတို့ ဆင်ခြင်ပါတော့မည်ဟု ကတိပေးကြသလိုလို အာရုံထဲတွင် ဝိုးတဝါး ပေါ်လာနေပါသည်။ အိပ်မက်တော့ မဟုတ်ပါစေနှင့်။ ။

---

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

---

## ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ

- သာသနာတည်တံ့၊ မြဲခိုင်ခံ့ရန် ရှင်းသန့်သဒ္ဓါ၊ စေတနာဖြင့် ရဲရင့်လှူဒါန်း၊ ဒါနစွမ်းကြောင့် မှတ်တမ်းဘွဲ့ရ၊ နုဂ္ဂဟ...
- စာပေအရာ၊ ထူးချွန်တာကြောင့် မြန်မာတွင်မက၊ ကမ္ဘာကပင် သိမြင်ဂုဏ်ပြု၊ စာပေဆုဖြင့် ချီးမြှင့်ခံရ၊ ထိုက်တန်စွ...
- ကုန်သွယ်စီးပွား၊ စွမ်းဆောင်အားကို တိုင်းခြားသိမြင်၊မှတ်တမ်းဝင်၍ ဂုဏ်တင်ချီးမြှင့်၊အဆင့်မြင့်အောင် စွမ်းဆောင်ဆုရ၊ ပြည်ပမှ...
- အားကစားစုံစွာ၊ နိုင်ငံတကာ၌ မြန်မာအသင်း၊ ရွှေ ငွေဝင်းကာ အာဆီယံပွဲ၊ ချန်ပီယံစွဲ၍ အောင်ပွဲတွေရ၊ မြန်မာမ...
- အသိပညာ၊ အတတ်ပညာနှင့် ကျန်းမာဘက်စုံ၊အလုပ်ရုံများ ကုန်ထုတ်စွမ်းအား၊ ဆင့်မြင့်မားအောင် ကြိုးစားနေကြ၊အလုပ်သမ...
- သားကောင်းမိခင်၊လွန်ပီပြင်လျက် ပုခက်လွှဲထား၊ ထိုလက်များသည် လူသားကောင်းကျိုး၊ထမ်းသယ်ပိုး၍ အကျိုးပြုနေကြ၊ မိန်းမလှ...။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုလျက်-)

**နန်းမွန်ဟိန်း**

---

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးလုပ်ငန်းအဖွဲ့မှ ရပ်ကွက်နှင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းပွဲကို ဇွန်၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေက အဖွင့်အမှာစကားပြောကြားပြီး ရပ်ကွက်နှင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် မဂ္ဂဇင်းစာအုပ် ၅၀၀ ကိုလှူဒါန်းရာ တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက လက်ခံရယူသည်။ **(ယာပုံ)** (၇၆)

## အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ် ဈေးရောင်းပွဲ

**ရန်ကုန် ဇွန် ၂၇**

စာပေထုတ်ဝေသူများအနက် အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ်ဈေးရောင်းပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း လောကနတ်ခန်းမတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါစာအုပ်ဈေးရောင်းပွဲတွင် ကံ့ကော်ဝတ်ရည်စာပေ၊ ပုဂံစာအုပ်တိုက်၊ ပြီးစာပေ၊ မျိုးဆက်သစ်စာပေ၊ ရန်အောင်စာပေ၊ ဇွန်ပွင့် စာပေတို့မှ စာအုပ်များကို ၁၀ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၃၀ အထိ အထူးလျှော့နှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# အားကစားဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာရေးထောက်ပံ့စရိတ် ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၂၇

**အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများ၏ သား သမီး ကျောင်းသား၊ ကျောင်းသူများအား ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်နှစ်အတွက် ပညာရေးထောက်ပံ့စရိတ် ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ပညာသင်ထောက်ပံ့ကြေးများ၊ ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ထောက်ပံ့မှုများပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားအောင် ကြိုးစားကြရေး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ အထက်တန်းအဆင့် ၂၁ဦး၊ အလယ်တန်းအဆင့် ၃၀ နှင့် မူလတန်းအဆင့် ၃၂ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်သည်။

နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အားကစားဝန်ကြီးဌာန ဝန်ထမ်းသား၊ သမီးများ၏ ပညာသင်ကြားမှုအတွက် ထောက်ပံ့ပေးသော ထောက်ပံ့ကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ၏ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၆၇၉၉၂၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများ၏သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်နှစ်အတွက် ပညာရေးထောက်ပံ့စရိတ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၂၇**

ဧရာဝတီတိုင်း သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်များကြီးမှူး၍ ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ် ခံခဲ့ရသော မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ဆက်ကပ် လှူဒါန်းရေး ညှိနှိုင်းအစည်းအဝေးကို ပုသိမ်မြို့ သာသနာ့ဗိမာန်ဝင်း အတွင်းရှိ တိုင်းသံဃနာယက အဖွဲ့ရုံး၌ ဇွန် ၂၄ ရက်က ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုမ္မော) အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိလာသ (ကုန်းသာ) အမှူးပြုသော ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ပုသိမ်မြို့နယ် သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)မှ ဆရာတော်များ ကြွရောက်တော်မူကြသည်။ အစည်းအဝေးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ (ဂိုဏ်း ပေါင်းစုံ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများက ဩဝါဒ ချီးမြှင့်တော်မူကြပြီး ဧရာဝတီတိုင်း သာသနာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ မြို့နယ်သံဃ နာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) အစီအစဉ်ဖြင့် ပေးပို့လှူဒါန်းထားရှိသော လှူဖွယ်ဝတ္ထုငွေနှင့် သက်နှင်းအစ ရှိသော လှူဖွယ်ပစ္စည်းများ လက်ခံရရှိမှုအခြေအနေအား လျှောက်ထားတင်ပြသည်။

ဧရာဝတီတိုင်းအတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများမှ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့များမှတစ်ဆင့် လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၂၄၂၇၉၄၆၀ နှင့် သင်္ကန်းဒွိစုံ ၄၁၃၀၊ ထီး ၂၀၄၃ လက်၊ ဖိနပ်အရန် ၁၄၁၀ အပါအဝင် ဆန်အိတ် ၇၂ အိတ်နှင့် အခြားလှူဖွယ်ပစ္စည်းများ စုစုပေါင်း၄၅ မျိုးအတွက် တန်ဖိုးငွေစုစုပေါင်း ငွေကျပ်သိန်း ၃၅၀ ဖြစ်၍စုစုပေါင်း ငွေကျပ် ၅၉၂ သိန်းကျော် တန်ဖိုးရှိ ဝတ္ထုငွေနှင့် ပစ္စည်းများအား ဇွန် ၂၉ ရက်မှစ၍ လေဘေးဒဏ်ခံ မြို့နယ် ခုနစ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (တိုင်းသာသနာရေး)

# မြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်းရေး သုံးပွင့်ဆိုင်ခြေစမ်းပွဲ စတင်ကျင်းပ

**သတင်းနှင့် ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)**

**ရန်ကုန် ဇွန် ၂၇**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ရွေးချယ်ဖွဲ့စည်းရေး သုံးပွင့်ဆိုင် ခြေစမ်းဘောလုံးပွဲ ပထမပွဲစဉ်အဖြစ် အနီရောင်အသင်းနှင့် အဝါရောင်အသင်းတို့သည် ဇွန် ၂၆ ရက်

ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ**(ဝဲပုံ)**အနီရောင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**အနီရောင်အသင်း - သုံးဂိုး။**
(အောင်ကျော်မျိုး၊ နေဝင်းနှင့် ထွန်းမင်းဦး-တစ်ဂိုးစီ)

**အဝါရောင်အသင်း - နှစ်ဂိုး။**
(ရဲဝေယံစိုးနှင့် စည်သူသန်း)

**ဒိုင်လူကြီး - ဦးဝင်းချို**

ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ကျင်းပမည့် AFC Challenge Cup ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ရွေးချယ်ဖွဲ့စည်းရန်အတွက် အဆင့်မြင့်တန်းတွင် ခြေစွမ်းပြကစားနေကြသည့် အားကစားသမား ၅၀ ကို သုံးသင်းခွဲကာ ခြေစမ်းပွဲများအဖြစ် ယှဉ်ပြိုင်ကစားစေခြင်းဖြစ်ပြီး ပွဲဦးထွက်ပွဲတွင် အနီရောင်အသင်းက နှစ်ဂိုးပြတ်ရှုံးနေရာမှ သုံးဂိုးပြန်သွင်းကာ အနိုင်ရရှိသွားသည်။

၂၀၀၇ ခုနှစ်အတွင်းက ကျင်းပခဲ့သော(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၃၉) ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲတို့တွင် ဒုတိယဆုရရှိခဲ့သည့်အသင်းမှ ကစားသမား အများစုပါဝင်သော နှစ်သင်းဖြစ်၍ ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးအပြိုင်အဆိုင် သွင်းခဲ့ကြသည်။

မိုးဝင်း၊ ထွန်းထွန်းဝင်း၊ စည်သူသန်း၊ ကျော်ဇင်ထက်(ဂိုး)၊ အောင်ကျော်မိုးနှင့် ကျော်ခိုင်ဝင်းတို့ ပါဝင်လာသည့် အဝါရောင်အသင်းမှာ ပထမပိုင်း ၁၅မိနစ်အထိ အနီရောင်အသင်း၏ ကစားကွက်ကို ထိန်းချုပ်ကာ ဂိုးပေါက်ကို မကြာခဏ ခြိမ်းခြောက်နိုင်ခဲ့သည်။ အထူးသဖြင့် အဝါအသင်း တိုက်စစ်တွဲလုံးများကို အနီနောက်ခံလူများ မထိန်းနိုင်၍ ပထမပိုင်း နှစ်မိနစ်တွင် ရဲဝေယံစိုးက ဖွင့်ဆော်ဦးဂိုး၊ ၁၁ မိနစ်တွင် စည်သူသန်းက ဒုတိယဂိုးတို့ကို ဆက်တိုက်သွင်းယူသွားခဲ့သည်။

အောင်အောင်ဦး (ဂိုး)၊ မင်းသူ၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်နှင့် မျိုးမင်းထွန်းတို့ပါဝင်လာသည့် အနီရောင်အသင်းမှာ ပွဲချိန်ကြာလာသည်နှင့် ကစားကွက်ပြန်မိလာပြီး အဝါဘက်သို့ပြန်တိုက်စစ်ဆင်လာနိုင်သည်။ အနီအသင်းအတွက် ပထမချေပဂိုးကို ၁၅ မိနစ်တွင် အောင်ကျော်မျိုးက သွင်းယူခဲ့ပြီး ချေပဂိုးထပ်မံရရှိနိုင်မည့် အခွင့်အရေးများ ဆက်တိုက်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ အသုံးမချနိုင်ခဲ့၍ ဒုတိယချေပဂိုးနှင့် ဝေးနေရသည်။ အနီအသင်းအတွက် ဒုတိယချေပဂိုးကို ပထမပိုင်းပြီးခါနီးတွင် ထောင့်ကန်ဘောမှတစ်ဆင့် နေဝင်းက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် အနီရောင်အသင်း ကစားပုံ ပိုကောင်းလာပြီး လူစားဝင်လာသည့် တိုက်စစ်မှူးများဖြစ်သည့် ထွန်းမင်းဦးနှင့် စထက်နိုင်ဝင်းတို့ ခြေစွမ်းပြနိုင်၍ အခွင့်အရေးများရရှိလာခဲ့သည်။ အနီအသင်းအတွက် အနိုင်ဂိုးကို ၃၇ မိနစ်တွင် လက်ရွေးစင်ဟောင်း ထွန်းမင်းဦးက သွင်းယူပေးခဲ့သည်။

**၂၈-၆-၂၀၀၈(အောင်ဆန်းကွင်း)**
**ညနေ ၃နာရီ ၄၅မိနစ်**
**အဝါရောင်အသင်းနှင့် အပြာရောင်အသင်း။** (ကြေးမုံ)

# အင်ဒီယာနာဂျုံးစ် အပိုင်း(၄) ရှေ့ဆောင်ရုံ၌ ပြသ ဟော့ရှော့ဇာတ်ကား သမ္မတနှင့်သွင်ရုံတို့၌ ဆက်လက်ရုံတင်

**ရန်ကုန် ဇွန် ၂၇**

ယခုသောကြာပတ် ဇွန် ၂၇ ရက်နေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ်များ ရုံတင်ပြသနိုင်ခြင်းမရှိဘဲ ပြသဆဲဇာတ်ကားဖြစ်သည့် လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း အကြည်တော်၏ **‘ဟော့ရှော့’** တစ်ကားတည်းသာ သမ္မတနှင့်သွင်ရုံတို့၌ ဆက်လက်ပြသနေသည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်၊ မေတ္တာ၊ အရိုင်း၊ ရန်ပိုင်စိုးနှင့် အေးသီတာတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် ဟာသဇာတ်ကားဖြစ်သည်။ ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးကျော်အောင်စီစဉ်ပြီး ဒါရိုက်တာ အောင်ဆွေမြန်မာ ရိုက်ကူးသော ကျော်သူ၊ မို့မို့မြင့်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ မြတ်ကေသီအောင်နှင့် ဟာသအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည့် **‘ရင်ခုန်သံနှင်းဆီ’** မြန်မာရုပ်ရှင် ဇာတ်ကားကြီး ဇူလိုင်လတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံ၌ သမ္မတအား လုပ်ကြံမှုနောက်ကွယ်မှ သဲလွန်စကို ရှာဖွေကာ အကြမ်းဖက်သမားများအား စုံစမ်းထောက်လှမ်းဖော်ထုတ်ပုံကို ရိုက်ကူးထားသည့် VANTAGE POINT ဇာတ်ကားပြသမည်ဖြစ်သည်။ ရှေ့ဆောင်ရုံ၌ ဟောလိဝုဒ်မင်းသား ဟာရစ်ဆန်ဖို့ဒ် ပါဝင်သရုပ်ဆောင်ထားသည့် ဒဏ္ဍာရီထဲမှ အထင်ကရဖြစ်သည့် ပီရူးနိုင်ငံဘုရင်၏ ရွှေဟောင်းဂူသင်္ချိုင်းထဲမှ သလင်းဦးခေါင်းခွံအစွမ်းဖြင့် ကမ္ဘာကို လွှမ်းမိုးနိုင်ရန်အတွက် သလင်းဦးခေါင်းခွံအား ခြေရာကောက်ရှာဖွေကြပုံကို သည်းထိတ်ရင်ဖို စွန့်စားခန်းများဖြင့် တင်ဆက်ရိုက်ကူးထားသော INDIANA JONES-4 and The KINGDOM OF THE CRYSTAL SKULL ဇာတ်ကားပြသမည်ဖြစ်ပြီး နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံ၌ ဂျက်ကီချန်းနှင့် ဂျက်လီတို့ တွဲဖက်သရုပ်ဆောင်ထားသည့် THE FORBIDDEN KINGDOM ဇာတ်ကားပြသမည်ဖြစ်သည်။

မြို့လယ် ဘုရင်ရုံ၌ MAIN PREM KI DIWANI HOON အချစ်ဇာတ်ကားပြသမည်ဖြစ်ပြီး မြို့မရုံ၌ HANUMAN ဇာတ်ကားနှင့် မြို့လယ်ဆုထူးပန်ရုံ၌ AIT-RAAZ အိန္ဒိယ ရုပ်ရှင်ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

**သမ္မတနှင့် သွင်အဆင့်မြင့် ရုပ်ရှင်ရုံတွင် ဆက်လက်ပြသလျက်ရှိသည့် “ ဟော့ရှော့ ” ဆေးရောင်စုံဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ကွက်ကို တွေ့ရစဉ်။** (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

**၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပသည်။**

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်အုန်းသန့်ကဆောင်ရွက်ပြီး စာတမ်းရှင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီက **"မြန်မာနိုင်ငံ အသေးစားဘဏ္ဍာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများ ကဏ္ဍ"**စာတမ်းကို လည်းကောင်း၊ စာတမ်းရှင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေက **"လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် အမျိုးသမီးရေးရာ အခန်းကဏ္ဍ"** စာတမ်းကို လည်းကောင်း၊ စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက **"မြန်မာအမျိုးသမီးများ၏ အားကစားနှင့်ကျန်းမာရေး"**စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် နံနက်ပိုင်းသဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်အုန်းသန့် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စန်းရီ "မြန်မာနိုင်ငံအသေးစားဘဏ္ဍာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများ ကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ"လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် အမျိုးသမီးရေးရာအခန်းကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ "မြန်မာအမျိုးသမီးများ၏ အားကစားနှင့် ကျန်းမာရေး" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် မွန်းလွဲပိုင်း သဘာပတိအဖြစ် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း) ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အမျိုးသားစာပေဆုများရှင် စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း)က ဆောင်ရွက်ပြီး စာတမ်းရှင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) ဒေါ်ထူးထူးအောင်က **"လူတိုင်းအတွက် ပညာရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခန်းကဏ္ဍ"**စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် စာပေပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာဒေါ်လွဲ့လွဲ့အောင်က **"အမျိုးသားယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏ ကဏ္ဍ"** စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) ဒေါ်ထူးထူးအောင် "လူတိုင်းအတွက် ပညာရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခန်းကဏ္ဍ" စာတမ်းကိုဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် စာပေပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာဒေါ်လွဲ့လွဲ့အောင် "အမျိုးသားယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏ ကဏ္ဍ" စာတမ်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

## နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

**ရန်ကုန် ဇွန် ၂၇**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၂၃ ဒသမ ၇၆ တန်နှင့် ဗြိတိန်နိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၇၄ ဒသမ ၈၇ တန်တို့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဆောက်လုပ်လှူဒါန်းသော အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကျောင်းဆောင်သစ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စာဂလမ်း၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းတို့က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာကျောင်း နှစ်ကျောင်းနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ KO KO RO Volunter Group မှ မန်နေဂျင်းဒါရိုက်တာ Mr. Jim Bo က ကွန်ပျူတာ တစ်စုံကို ကျောင်းအုပ်ကြီး ဦးထွန်းအောင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့မိ မြို့ဖ ဦးရွှေအေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းထံ တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၁၂၂၆စောင်ကို မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က ပေးအပ်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသော အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်းမှာ အလျားပေ ၈၀၊ အနံပေ ၃၀နှင့် အမြင့် ၁၅ပေရှိ တစ်ထပ်လေးခန်းတွဲ ကျောင်းဆောင်ဖြစ်ပြီး အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းမှာ အလျားပေ ၁၆၀၊ အနံပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင် ဖြစ်သည်။ ကျောင်းဆောင်သစ်များနှင့် အတူ စာသင်ခုံများကိုပါ တစ်ပါတည်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ကျောင်းဆောင်သစ်များမှာ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ရန်ကုန်တိုင်းအတွင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် နှစ်ကျောင်းနှင့် တစ်ထပ်ကျောင်းဆောင်သစ် သုံးကျောင်း စုစုပေါင်းအခြေခံပညာ ကျောင်းပေါင်း ငါးကျောင်းကို ဆက်လက်လှူဒါန်းနိုင်ရန် ဆောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိသော ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်း တစ်လျှောက်၌ စက်ယန္တရားကြီးများဖြင့် ပေ ၁၂၀၀ အရှည် နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းနေမှု၊ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်မြို့ ကုန်သည်လမ်း၌ ၄၂၅ ပေရှိ လူသွားစင်္ကြံအသစ် ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှု၊ မဟာဗန္ဓုလပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် အလုံမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းအပိုင်း၌အကျယ်ခြောက်ပေ၊ အရှည်ပေ ၁၀၀၀ ရှိ လူသွားစင်္ကြံအသစ် ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၈-၆-၂၀၀၈ (စနေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ အဆိုပြိုင်ပွဲ |
| ၇း၅၀ | ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၀၀ | ၆။ Growing up in Adverse Situation |
| ၈း၄၀ | ၇။ International News. |
| ၉း၀၀ | ၈။ အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၀၀ | ၁။ စစ်သည်တေး |
| ၁၁း၁၀ | ၂။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၁း၄၀ | ၃။ **"မိုးသက်လေကို ခြွေတဲ့ဆောင်း" (နိုင်းနိုင်း၊ နေအောင်၊ အိန္ဒြာကျော်ဇင်၊ ပပဝင်းခင်၊ ခင်သန်းနု) (ဒါရိုက်တာ-စင်ရော်မောင်မောင်)** |
| ၂း၅၀ | ၄။ International News. |
| ၃း၀၀ | ၅။ အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တေး |
| ၄း၂၅ | ၂။ အကပြိုင်ပွဲ |
| ၄း၃၅ | ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက |
| ၄း၅၀ | ၄။ ကြေးမုံရိပ်သွင် တေးနှုယဉ် |
| ၅း၀၅ | ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၆။ အတီးပြိုင်ပွဲ |
| ၅း၁၅ | ၇။ မြန်မာ့ဓလေ့ရိုးရာ လက်ဝှေ့ |
| ၅း၃၀ | ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင် |
| ၆း၀၀ | ၉။ ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ အလှူရှာမယ် လှုကမ္ဘာဝယ် |
| ၇း၀၀ | ၁၂။ ဂုဏ်ရည်မြင့်မား စွမ်းဆောင်ရှင် မြန်မာအမျိုးသမီးများ |
| ၇း၁၅ | ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၈)** |
| ၈း၀၀ | ၁၄။ ပြည်တွင်းသတင်း |
| | ၁၅။ နိုင်ငံတကာသတင်းများ |
| | ၁၆။ မိုးလေဝသအခြေအနေ |
| | ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၃၃)** |
| | ၁၈။ အစီအစဉ်ပြီး၏။ |

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငွေလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် အလှူရှင် အဂ္ဂမဟာမဏိဇောတဓရ ဦးသိန်းဝင်း(လူမှုထူးချွန်ပထမဆင့်)- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ (လူမှုထူးချွန်ပထမဆင့်) ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်းက ငွေကျပ် သုံးသိန်း၊ ဦးခင်မောင်အေး-ဒေါ်ခင်လေး (Gold Power Co., Ltd)က ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

# ရွှေဘုန်းပွင့်စေတီတော် (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စေတီတော်ဝင်းအတွင်းရှိ ကျောင်းတိုက်များတွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်တို့အား ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်၊ ဇူလိုင် ၁၇ ရက် (ကြာသပတေးနေ့)တွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ် ဆရာတော်နှင့် စာသင်သား သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချ စာသင် ဆရာတော် သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် လေးသိန်းကို ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က သာဓုအနုမောဒနာတရားတော်နှင့် ရေစက်ချတရားတို့ကို ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လေဘေးသင့် ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(ရေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၇**

လေဘေးသင့် ဒေသများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်တွင် လေဘေးသင့် မြို့နယ်များရှိ ကျေးရွာများ၌ အခြေပြုလျက်ရှိသော စစ်ရေယာဉ်များသည် သက်ဆိုင်ရာ ကွပ်ကဲမှုစခန်းများနှင့် ပူးပေါင်း၍ ကျေးရွာသန့်ရှင်းရေး လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအနေဖြင့် ယမန်နေ့အချိန်အထိ ကုန်ပစ္စည်း (၂၅၅၅ ဒသမ ၈၄၅) တန် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့သည်။

ထို့အပြင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည် များသည် ဘိုကလေးမြို့နယ်အတွင်းရှိ ကြိမ်ချောင်းကြီး၊ ကျွန်းသာယာ၊ ကျွန်းညိုကြီး၊ ဓဝူနှင့် သဇင်ကုန်း ကျေးရွာအုပ်စုများ၌လည်းကောင်း၊ လပွတ္တာမြို့နယ်အတွင်းရှိ အလယ်ရေကျော်၊ အမတ်၊ကံဘဲ့၊ စလူဆိပ်၊ သယ်န်းကြီး၊ လွှစာ၊ ခနိဆိပ်၊ လှိုင်းဘုန်းနှင့် ကုန်းကြီးကျေးရွာအုပ်စုများ၌ လည်းကောင်း၊ ငပုတောမြို့နယ်အတွင်း ဟိုင်းကြီးကျွန်းမြို့နှင့်ကျောက်ကလပ်၊ ပြင်ခရိုင်နှင့် သက္ကယ်သောင်ကျေးရွာများ၌လည်းကောင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရပ်ရွာသန့်ရှင်းရေး လုပ်ငန်းများတွင် ဒေသခံပြည်သူလူထုနှင့် တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ စစ်ရေယာဉ်များဖြင့် လေဘေးသင့်မြို့နယ်များရှိ ကျေးရွာများအရောက် ထောက်ပံ့ရေးပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးပစ္စည်းများကို ပို့ဆောင်ပေးစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးအောင်သောင်း စက္ကူစက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့ နံနက် ၆ နာရီခွဲတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း တစ်နေ့ တန် ၈၀ စက္ကူညိုနှင့် တစ်နေ့ တန် ၅၀ CTMP ပျော့ဖတ် စက်ရုံစီမံကိန်း(ရေနီ)သို့ ရောက်ရှိပြီး Bamboo Chip Preparation Plant ဝါးဖြတ်စပြုပြင်ရေးဌာန၏ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ သစ်ဖြတ်စ ပြုပြင်ရေး အဆောက်အအုံနှင့်စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် သစ်ပျော့ဖတ်ပြုပြင်ရေး အဆောက်အအုံနှင့် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် သစ်ဖြတ်စ တင်ပို့လိုင်း Conveyor များ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ဝါးချက်အိုးနှင့် ရေဆေးဌာန၏ Blow Tank များ၊ Cooking Liquor Circulation Pump များ၊ Hot Water Tank နှင့် Heat Exchanger များ တပ်ဆင်ပြီးစီးမှု၊ ပျော့ဖတ်ချက်အိုး Digester သုံးလုံး တပ်ဆင်ပြီးစီးမှု၊ ရေဆိုးသန့်စင်ကန်များ တည်ဆောက်ပြီးစီးမှု၊ တန် ၅၀ ပျော့ဖတ်ချက်စက်ရုံ၊ တန် ၈၀ စက္ကူညိုစက်ရုံ၊ အငွေ့ပံ့ဌာန၊ ဓာတ်ဆားပြန်ထုတ်ဘွိုင်လာဌာန၊ ကော့စတစ်ပြန်ထုတ်ဌာန၊ ထုံးဖုတ်ဌာန ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် စက္ကူစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ ဝါးချက်အိုးနှင့် ရေဆေးဌာန၏ Vaccum Washer ငါးလုံး တပ်ဆင်ပြီးစီးမှုနှင့် White Water Tank များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက္ကူစက်ရုံ စီမံကိန်းလုပ်ငန်းများပြီးစီးပါက ကုန်ထုတ်စက္ကူညို တစ်နေ့ တန် ၈၀ နှင့် သတင်းစာပျော့ဖတ် တစ်နေ့ တန် ၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဇေယျဝတီမြို့နယ်ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဇေယျဝတီသကြားစက်၊ ချက်ကြံသီးနှံစိုက်ကွင်း၊ အိုင်တုံကွန်း ကြံစိုက်ခင်းတို့သို့ ရောက်ရှိပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ကြံစိုက်ခင်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး၌ ဆင်းရွှေလီမျိုး ၁၀ ဧကနှင့် K-88၊ K-92 ငါးဧက ယှဉ်ပြိုင်စိုက်ကွင်းများ၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့ တန် ၈၀ စက္ကူညိုနှင့် တစ်နေ့ တန် ၅၀ CTMP ပျော့ဖတ်စက်ရုံ စီမံကိန်း(ရေနီ) တွင် ကြည့်ရှုစစ်ဆေးစဉ်။**

(စက်မှု-၁)

## FAO ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့် Mr. Shin Imai သည် ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိ့ခန်းမသို့ လာရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။ (သတင်းစဉ်)

## ငပုတောမြို့နယ် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၂၇**

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ငပုတောမြို့နယ် လေဘေးသင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဧရာဝတီတိုင်း တီဘီရောဂါကုဆရာဝန်ကြီး ဒေါက်တာစောသိန်း ဦးဆောင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဒေါက်တာမင်းကိုနှင့်အတူရောဂါနှိမ်နင်းရေးဆရာဝန်နှစ်ဦး၊လက်ထောက်ကျန်းမာရေးမှူးနှစ်ဦး၊ ဓာတ်ခွဲဝန်ထမ်းနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ အပါအဝင်အဖွဲ့ဝင် ၁၅ဦးပါဝင်သည့် နယ်လှည့်ကွင်းဆင်းအဖွဲ့သည် ငပုတောမြို့နယ်အတွင်းရှိ သွားလာရန်ခက်ခဲသည့် လေဘေးသင့်ကျေးရွာများသို့ ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့် ကွင်းဆင်းအဖွဲ့သည် ငပုတောမြို့နယ်အတွင်း သွားလာရန်ခက်ခဲသည့် ပြင်ခရိုင်၊ ချောင်းဝ၊ အုတ်တွင်း၊ မရမ်းကွင်းနှင့် တောင်ကလေးကျေးရွာများရှိ အထွေထွေရောဂါ လူနာများအား စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ ဆေးသောက်ပျက်ကွက်လျက်ရှိသော တီဘီရောဂါနှင့် အနာကြီးရောဂါလူနာများအား ပြန်လည်ရှာဖွေ၍ ဆေးဆက်လက်ကုသမှုခံနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ တီဘီနှင့်ငှက်ဖျားရောဂါပိုးရှိမရှိ အဏုကြည့်မှန်ပြောင်းဖြင့် ရောဂါရှာဖွေစစ်ဆေးကာ ရောဂါပိုး တွေ့ရှိသောလူနာများအား ဆေးကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ အားဆေးများ၊ အာဟာရမှုန့်များ ပံ့ပိုးပေးခြင်း၊ ကျေးရွာများရှိ သောက်သုံးရေတွင်း၊ ရေကန်များအတွင်း ကလိုရင်းဆေးခတ်ပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ ယင်လုံအိမ်သာ သုံးစွဲမှုစစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝိပဿနာအလုပ်ပေး တစ်လ တရားစခန်းပွဲ

**ရန်ကုန် ဇွန် ၂၇**

ဇလွန်မြို့ လမ်းမတော်မြောက် မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီး၌ ဝါဆိုလကွယ်နေ့ ဩဂုတ် ၁ ရက်(သောကြာနေ့)မှ ဝါခေါင်လကွယ်နေ့ ဩဂုတ် ၃၀ရက်(စနေနေ့)အထိ တစ်လ တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

အထက်ပါတစ်လတရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံတပည့်များဖြစ်ကြသော မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဉာဏောဘာသ၊ ဦးပညာတိက္ခ (သန်လျင်) အရှင်သူမြတ်များနှင့် ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်၊ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့သည် ဗုဒ္ဓအလိုတော်ကျ ပရိညာသုံးပါး အခြေခံထား၍ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်တရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောပြောပြသကြမည် ဖြစ်ပါသောကြောင့် ရန်ကုန်မှလိုက်ပါလိုသော ယောဂီများသည် ဖုန်း-၅၅၄၄၃၅၊ ၅၈၄၈၆၇ နှင့် ၀၄၄-၃၅၀၅၅ (ဇလွန်) တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## စိန်ပေါလ်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

စိန်ပေါလ် ကျောင်းသားဟောင်းများ [အထက(၆) ဗိုလ်တထောင် ကျောင်းသားဟောင်းများ]၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ကျောင်းသားဟောင်းများသည် ဦးမောင်မောင်မြင့်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၄၇၄၅၅၊ ဦးဆန်နီညွန့်သိန်း(အတွင်းရေးမှူး) ဖုန်း-၀၉၈၅၆၈၃၅၃ နှင့် ဦးသိန်းဆွေ(ဘဏ္ဍာရေးမှူး) ဖုန်း-၂၄၁၂၂၄ နှင့် ၀၉-၅၁ ၉၃၄၃၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

## Giordano က သောက်ရေသန့်စက် လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

Giordano က ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရန်အတွက် ငွေကျပ် ၁၂ သိန်းကျော် တန်ဖိုးရှိ သောက်ရေသန့်စက်၊လီတာ ၅၀၀ဆံ့ စတီးတိုင်ကီနှင့် မီးစက် စသည့်ပစ္စည်းများကို ဇွန် ၂၄ ရက်တွင် အဆိုပါမူလတန်းကျောင်း၌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

## စတုတ္ထအကြိမ် စာပေညီလာခံတက်ရောက်ရန် ကိုယ်စားလှယ်များ ရောက်ရှိ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ဇွန် ၂၈ရက် နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ အစည်းအဝေးတက်ရောက်ရန် ရန်ကုန်တိုင်းအပါအဝင် ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များသည် ဇွန် ၂၆ ရက်မှစ၍ ယနေ့အထိ အဖွဲ့တည်ရှိရာ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်သို့ ကိုယ်စားလှယ်စုစုပေါင်း ၁၆၆ ဦး ရောက်ရှိ သတင်းပေးပို့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနက တန်ဖိုးငွေကျပ် ၁၈ သိန်း တန်ဖိုးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် လူသုံးကုန်ပစ္စည်းကိုးမျိုးပါ အစုံ ၃၀၀ ကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။**

(စာပေနှင့်စာနယ်ဇင်း)

## ဘုတ်ပြင်းမြို့နယ်၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ခြေကျင်းဝတ်ပြတ် ဒဏ်ရာရရှိ

**ရန်ကုန် ဇွန် ၂၇**

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ချောင်းလမိုင်ကျေးရွာနေ ဦးညွန့်ဇော်သည် ဇွန် ၂၃ ရက် နံနက် ၃ နာရီတွင် ကြိမ်ခုတ်ရန် သွားရောက်စဉ် လေညာကျေးရွာ၏ အနောက်ဘက်၌ KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် လက်ဝဲခြေကျင်းဝတ်ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဦးညွန့်ဇော်အား ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အတည်ပြုချိန် ၃း၂၀

# အီရန်တွင် လေယာဉ်ထုတ်လုပ်ရန် အီရန်နှင့် ရုရှား ညှိနှိုင်းနေ

**တီဟီရန် ဇွန် ၂၆**

တီယူ-၂၀၄ နှင့် တီယူ-၂၁၄ အမည်ရှိ ခရီးသည် ၁၀၀ တင်ဆောင်နိုင်မည့် လေယာဉ်ကို အီရန်နိုင်ငံတွင် ပူးတွဲ ထုတ်လုပ်ရန် အီရန်နှင့် ရုရှားနိုင်ငံတို့က ပဏာမအားဖြင့် သဘောတူညီမှု ရရှိထားကြောင်း အီရန် ရုပ်မြင်သံကြားဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ရုရှားကျွမ်းကျင်သူများက နည်းပညာ စွမ်းအင်နှင့်အီရန်လေကြောင်း ပျံသန်းရေးအဖွဲ့ (အိုင်အေအိုင်အို)မှ လူအရင်းအမြစ် အခြေအနေများကို လေ့လာပြီးခဲ့သည့်နောက် ရုရှားက ဖော်ပြပါ ခေတ်မီလေယာဉ်များကို အီရန်တွင် ထုတ်လုပ်ရန်စီစဉ်ခြင်းဖြစ်သည်ဟု အိုင်အေအိုင်အိုမှ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး အလီအက်ဘာကို ကိုးကား၍ ရုပ်မြင်သံကြားက ဖော်ပြသည်။

**ညှိနှိုင်း**

ရုရှားနှင့်အီရန်တို့ကအီရန်အတွက် ခရီးသည် ၂၁၀ သယ်ဆောင်နိုင်သည့် အလယ်အလတ်စားလေယာဉ် တည်ဆောက်ရန် စီမံကိန်းကို ဆွေးနွေးလျက်ရှိပြီး လေယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်ရန်၊ လေယာဉ်စမ်းသပ်ပျံသန်းရန်၊ ပြုပြင်ထိန်းသိမ်းမှု ဌာနတည်ထောင်ရန်ကိစ္စကိုလည်း ညှိနှိုင်းကြသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ရေနံပိုက်လိုင်းကို သူပုန်တို့ တိုက်ခိုက် ကိုလံဘီယာ၌ ရေနံပို့မှု ရပ်ဆိုင်း

**ဘိုဂိုတာ ဇွန် ၂၅**

ကိုလံဘီယာနိုင်ငံတွင် အဓိက အရေးပါသည့် ရေနံပိုက်လိုင်းကို သူပုန်တို့က တိုက်ခိုက်ခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံနှင့် ထိစပ်လျက်ရှိသော ဒေသများတွင် ရေနံပို့ဆောင်နေခြင်းကို ကိုလံဘီယာရေနံကုမ္ပဏီ (အီကိုပက်ထရို)ကတနင်္လာနေ့တွင် ရပ်ဆိုင်းလိုက်သည်။

**ပျက်စီး**

အရာအူကာပြည်နယ်နှင့် စန်တန်ဒါပြည်နယ်တို့တွင် ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအာစီ) သူပုန်များက တိုက်ခိုက်ခြင်းကြောင့် ရေနံပိုက်လိုင်း ပျက်စီးသွားသည်ဟု အီကိုပက်ထရိုကုမ္ပဏီက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ ပျက်စီးသွားသော ပိုက်လိုင်းသည် နိုင်ငံ၏ အရှေ့ပိုင်းမှ အနောက်ပိုင်းသို့ နေ့စဉ်ရေနံစည် ၉၆၀၀၀ ပေးပို့လျက်ရှိသည်ဟု အီကိုပက်ထရို၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခိုက်ပြီးနောက် ပြိုလဲကျနေသည့် အပျက်အစီးများကို ဇွန် ၂၅ ရက်က ဖယ်ရှားရှင်းလင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါဒေသတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ရေနံကုမ္ပဏီများအပေါ် အခွန်သစ်စည်းကြပ်ရန် ဘားရက်အိုဘားမား အဆိုပြု

**ဝါရှင်တန် ဇွန် ၂၅**

မိမိအနေဖြင့် သမ္မတအဖြစ် အရွေးခံခဲ့ရပါက လောင်စာစွမ်းအင်ကုန်သည်များအပေါ် အစိုးရက ကြပ်မတ်မှု ခိုင်မာစေရန် နည်းလမ်းအသုံးပြုသည့်အနေဖြင့် ရေနံကုမ္ပဏီအပေါ် အခွန်အကောက်သစ် စည်းကြပ်ရန် အလေးပေး ဆောင်ရွက်မည် ဖြစ်ကြောင်း အမေရိကန် ဒီမိုကရက်တစ် ပါတီမှ သမ္မတလောင်းဖြစ်သူ ဘားရက်အိုဘားမားက ပြောကြားသည်။

ဝယ်ယူအသုံးပြုသည့် မိသားစုများက လောင်စာဈေးနှုန်း မြင့်မားမှုဒဏ် အလူးအလဲခံနေသည့် ဝန်ထုပ်ဝန်ပိုးသက်သာစေရန် ၎င်း၏ အစီအစဉ်သည် အင်ရွန်ကုမ္ပဏီ၏ ယိုပေါက်ပိတ်ရန်နှင့် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး အသိစိတ် ပေါ်ပေါက်လာရန်ဖြစ်သည်ဟု အီလီနွိုက်ပြည်နယ်မှ အထက်လွှတ်တော်အမတ်ဖြစ်သူ အိုဘားမားက ပြောကြားသည်။

အင်ရွန်သည် ဟူစတန်အခြေစိုက် လောင်စာ အရောင်းအဝယ်ပြုလုပ်နေသည့် ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး ယင်း၏ဝင်ငွေများကို ပုံကြီးချဲ့ ဖော်ပြခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်တွင် ပြိုကွဲခဲ့ရသည်။

ရေနံတစ်စည်အပေါ် ၁၀ ဒေါ်လာကျော်အထိ အခွန်ကောက်ရန် စည်းကြပ်မှုကို မိမိထောက်ခံကြောင်း၊ ယင်းကြောင့် မိသားစုများအနေဖြင့် လောင်စာကို တွင်ကျယ်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး မြင့်မားလာသည့် လောင်စာဈေးနှုန်းများ၏ ဝန်ထုပ်ဝန်ပိုး သက်သာစေရန် လိုသလောက်သာ အသုံးပြုရေး၌ အထောက်အကူပြုမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ဒါဖာဒေသတွင် ရိက္ခာပြဿနာဖြစ်လာဖွယ်ရှိ ကုလသမဂ္ဂ သတိပေး

**ခါတွန် ဇွန် ၂၆**

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ဒုက္ခသည် စခန်းများ၌ လူဦးရေ အဆမတန်များပြားလာခြင်း၊ သီးနှံအထွက်နည်းပါးခြင်းနှင့် မတည်မငြိမ်ဖြစ်မှုကြီးထွားလာခြင်းတို့ကြောင့် ဒါဖာဒေသသည် စားနပ်ရိက္ခာပြဿနာကို ယခုနှစ်တွင် ကြုံတွေ့ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ဒါဖာဒေသ မငြိမ်းချမ်းခြင်းကြောင့် ကမ္ဘာ့အကြီးမားဆုံးသော လူသားများဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းအဖြစ် ထိုဒေသ၏ လူဦးရေ ခြောက်သန်း၏ သုံးပုံနှစ်ပုံကို ကူညီနေရ သည်။

ယခုနှစ်တွင် ဆူဒန်နိုင်ငံအနောက်ဘက် ဒေသတွင် ပြဿနာများ တိုးပွားလာသဖြင့် အာဟာရချို့တဲ့သော နှုန်းနှင့် ကျန်းမာရေးပြဿနာများ များပြားလာနိုင်သည်ဟု ကုလသမဂ္ဂအရာရှိများက ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*

# ရေနံစိမ်းဈေးနှုန်း မြင့်မားလာဖွယ်ရှိ အီရန်ရေနံဌာန တာဝန်ရှိသူ ပြောကြား

**တီဟီရန် ဇွန် ၂၆**

နွေရာသီသို့ရောက်ရန် နီးလာသဖြင့် လာမည့်ရက်များအတွင်း ရေနံစိမ်း ဈေးနှုန်းများ မြင့်မားလာဖွယ်ရှိကြောင်း အီရန်ရေနံ ဌာနဆိုင်ရာ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားကြောင်း တီဟီရန်အမ်ရုမ်နေ့စဉ် သတင်းစာက စနေနေ့တွင် ရေးသားသည်။

ယခု လကုန်ရက်နီးလာသဖြင့် နွေရာသီကာလအတွင်း ရေနံဈေးနှုန်းများ မြင့်မားလာဖွယ်ရှိသည်ဟု ဖော်ပြပါ တာဝန်ရှိ ပုဂ္ဂိုလ်ဟူဂျာတိုလာက ပြောကြားလာသည်ဟု သတင်းစာက ဖော်ပြသည်။

အိုပက်အနေဖြင့် ရေနံထုတ်လုပ်မှု ပမာဏမြှင့်တင်ရန် လိုအပ်သည်ဟု မိမိတို့ မမြင်မိသေးဟု အိုပက်အုပ်ချုပ်ရေးမှူး မိုဟာမက်အလီခါတီဘီက အစ္စနာသတင်းဌာနသို့ စနေနေ့က ပြောကြားသည်။

ရေနံဈေးကွက်တွင် ရေနံ အလျှံပယ်ဖြည့်ဆည်းထားကြောင်း၊ ဆော်ဒီအာရေဗျတွင် တနင်္ဂနွေနေ့က ကျင်းပမည့် လောင်စာအစည်းအဝေးတွင် အိုပက်အဖွဲ့ဝင်နိုင်ငံများက ရေနံစိမ်း ထုတ်လုပ်မှုပမာဏ ပြောင်းလဲမည့် သဘောတူညီချက် ရရှိနိုင်ဖွယ်မရှိကြောင်း ခါတာဘီက ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*

# တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြင့် အီရန် ရဲတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး

**ဒူဘိုင်း ဇွန် ၂၅**

ပါကစ္စတန်နိုင်ငံနယ်စပ်ရှိ အစ္စလာမ့်အတိုက်အခံများ ကြီးစိုးရာဒေသတွင် လွန်ခဲ့သောအပတ်က အစိုးရအဖွဲ့ဝင်များ ပြန်ပေးဆွဲခံရပြီးနောက် အီရန် ရဲတပ်ဖွဲ့ဝင် နှစ်ဦးအား ဆွန်နီတိုက်ခိုက်ရေးသမားများက သတ်ဖြတ်ခဲ့ကြောင်း ဒေသဆိုင်ရာ အယ်လ်အရာဘီရာရုပ်မြင်သံကြားက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

မျက်နှာကို အဝတ်ဖြင့်စည်းနှောင်ကာ မြေပေါ်တွင် ဒူးထောက်စေလျက် သတ်ဖြတ်ခဲ့ပုံကို ရိုက်ကူးဖော်ပြထားသော်လည်း အသေးစိတ်ကို ရုပ်မြင်သံကြားတွင် ပြသမှုမရှိခဲ့ပေ။

အဆိုပါ တိုက်ခိုက်ရေးအဖွဲ့က ၎င်းတို့၏ အဖွဲ့ဝင်များကို ကြာသပတေးနေ့တွင် ထောင်မှလွှတ်ပေးရန် တောင်းဆိုခဲ့ပြီး အဆိုပါတောင်းဆိုမှုကို မလိုက်လျောပါက ရဲတပ်ဖွဲ့ဝင်များအား သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

*အမ်အင်အေ၊ရိုက်တာ။*

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ် ရှန်ကျင့်မြို့တွင် ဖန်ရှန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာပြီး လမ်းများရေလွှမ်းနေသည်ကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

### ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

### ပို့ဆောင်

လေဘေးသင့် ဒေသများ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိ၊စစ်သည်များ စစ်ရေယာဉ်များဖြင့် လေဘေးသင့် မြို့နယ်များရှိ ကျေးရွာများအရောက် သောက်သုံးရေများ ဖြန့်ဝေပို့ဆောင်ပေးစဉ်။ (သတင်းစဉ်)

### အင်အားပြင်းထန်သော ငလျင် ကပ္ပလီပင်လယ်ကို ဗဟိုပြု၍ လှုပ်

နေပြည်တော် ဇွန် ၂၇

၂၀၀၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ မြန်မာစံတော်ချိန် ၁၈ နာရီ ၁၂ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၅၀၀ ခန့်ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။